# နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၆/၂၀၂၃

## ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

## (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၀ တွင်-

(က) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ (တ)နှင့် ပုဒ်မခွဲ (ထ)တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

> **“(တ) ကော်မတီက မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးဆောင်ရွက်ရာတွင်တာဝန်ပေးအပ်ထားသည့် အဖွဲ့၊အဖွဲ့ဝင်နှင့်အရာထမ်း၊အမှုထမ်းများ၏တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကိုဟန့်တားနှောင့်ယှက်သူများအား အရေးယူခြင်း၊**
>
> **(ထ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့်ရငွေ၊အခွန်အခများ၊စီမံခန့်ခွဲမှုဒဏ်ကြေးနှင့် တရားရုံးဒဏ်ငွေများကို စီမံခန့်ခွဲခြင်း၊”**

(ခ) မူလပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ(ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၄ တွင် ပါရှိသော“**ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ**” ဆိုသည့် စကားရပ်ကို “**ကျပ်ခုနစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ**” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နေပြည်တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ တွင်ပါရှိသော “**သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ**” ဆိုသည့် စကားရပ်ကို “**ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ**”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “**ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ**” ဆိုသည့် စကားရပ်ကို “**ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ**” ဆိုသည့်စကား ရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

> **“၃၃-က။ ကော်မတီက ရရန်ရှိသည့်အခွန်ကြွေးကျန်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ထိုအခွန်ကြွေးကျန်များကို မြေခွန် မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။”**

၆။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ၃၇၏နောက်တွင်ပုဒ်မ၃၇-ကအဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

> “၃၇-က။ **ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြား ချက်များပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအသီးသီးသို့ ရာခိုင်နှုန်း သတ်မှတ်၍ ဆုကြေးငွေအဖြစ် ချီးမြှင့်နိုင်သည်။”**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ